# လှိုင်းထားထား

ဆေးတက္ကသိုလ်




CYBER ART GROUP

# ညီမလေးများ စာဖတ်ဖို့



လူတိုင်း လူတိုင်းမှာ ကိုယ်ပိုင်

ခံယူချက်၊ အဆိုအမိန့် စကားတွေ

ရင်တွင်းမှာ ကိုယ်စီ ကိန်းဝပ် နေတတ်

ကြပါတယ်။ ကမ္ဘာကျော်တွေကတော့

သူတို့ ကို အောင်မြင်မှုဆီ တွန်းပို့

အားပေးခဲ့တဲ့ စကားတွေကို လူတိုင်း

သိခွင့်ရအောင် လက်ဆင့်ကမ်း ဝေမျှ

ပေးနိုင်ခဲ့ပါတယ်။




စကားတစ်ခွန်းဟာ လူတစ်

ယောက်ရဲ့ ဘဝကို ပြောင်းလဲ ပေးနိုင်

စွမ်းပါတယ်။ အားရှိစေတဲ့ စကားလုံး

တွေဟာ အောင်မြင်သူတွေ အ

တွက် ခွန်အားတွေပါ။

အထူးသဖြင့် ကိုယ် လေးစား

အတုယူရတဲ့ လူတွေရဲ့ စကားဟာ

တကယ့် ခွန်အား စွမ်းအင်ပါ။



ကျွန်မတို့ နေ့စဉ် ရင်ဆိုင်ရှင်

သန်နေရတဲ့ ဘဝထဲမှာ ၊ စိတ်ဓာတ်

ကျဆင်းစရာ စိတ်အားငယ် စိတ်

ပျက်စရာ၊ ငြီးငွေ့ ဝမ်းနည်းစရာ၊

ဘယ်လို ဆုံးဖြတ်ရမှန်း မသိစရာ၊

အဖြစ်အပျက် မြောက်မြားစွာ တွေနဲ့

မလွဲမသွေ တွေ့ဆုံ ဖြတ်သန်း ရမှာ ပါ။

အခက်အခဲတွေကို ရင်ဆိုင်

ကျော်ဖြတ်နိုင်ဖို့ ၊ ဒုက္ခတွေကို လက်

ဆွဲ နှုတ်ဆက် ပြုံးပြနိုင်ဖို့ ခွန်အား

သတ္တိတွေ မရှိမဖြစ် လိုအပ်ပါတယ်။

ညီမလေး ဖတ်ဖို့ ကမ္ဘာကျော်

တို့ ရဲ့ လက်ဆင့်ကမ်း စကားများ

စာအုပ်ကလေးဟာ သေးငယ်ပေမယ့်

ညီမလေးတွေ အတွက် စိတ်ဓာတ်ခွန်

အားကို မြှင့်တင် ပေးနိုင်မယ့် အား

ဆေး တစ်ခွက်ပါ။

ဒီအားဆေးကို ညီမလေးတွေ

အတွက် ဝေဒနာ၊ သဒ္ဓါတရား

ကြည်လင် သန့်စင်စွာနဲ့ တိုက်ချင်စိတ်နဲ့

ဒီစာအုပ်ကလေးကို ရေးပါတယ်။

ဒီစာအုပ် သေးသေးလေး

ထဲကနေ ညီမလေးတွေ ဘဝအတွက်

အောင်မြင် စေနိုင်မယ့် ခွန်အား သတ္တိ

တစ်မျိုးမျိုး ရရှိ သွားနိုင်မယ် ဆိုရင်

ကျွန်မ ရေးရကျိုး နပ်ပါပြီ။